**မြန်မာ-**

သင်သည် Burma Superstar San Franciscoၤ Burma Superstar Oaklandၤ Burma Superstar Alamedaၤ Burma Loveၤ သို့မဟုတ် B Star စားသောက်ဆိုင်တစ်ဆိုင်နှင့်အထက်အတွက် အစားအစာပြင်ဆင်သူများ၊ ထမင်းချက်များ၊ ပန်းကန်သိမ်းများနှင့်/သို့မဟုတ် ပန်းကန်ဆေးသူများ (အပြင်အခြားအလုပ်သမားများ) အပါအဝင် မီးဖိုချောင်ဝန်ထမ်းအဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၈ ရက်နှင့် ၂၀၁၉ ခုနှစ် မတ်လ ၂၈ ရက်အကြား တစ်ချိန်ချိန်တွင် အလုပ်လုပ်ခဲ့ပါက၊ သင်သည် အုပ်စုလိုက်တရားစွဲဆိုခြင်းတွင် ပါဝင်သူတစ်ဦး ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပြီး ဤအုပ်စုလိုက်တရားစွဲဆိုခြင်းအကြောင်းနှင့် အဆိုပြုထားသည့် ကျေအေးမှုအကြောင်းကိုသိပိုင်ခွင့် ရှိပါသည်။ ထိုအုပ်စုလိုက်တရားစွဲဆိုခြင်းကို တရားရုံးက ၂၀၂၀ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။ (အဆိုပြုထားသည့် အုပ်စုလိုက် တရားစွဲဆိုခြင်း ကျေအေးမှု) Notice of Proposed Class Action Settlement တွင် မေးလေ့မေးထရှိသည့် မေးခွန်းများ၏ အဖြေများကို ဖတ်ပါ။ မေးစရာများရှိပါက (အုပ်စု၏ရှေ့နေ) Class Counsel သို့မဟုတ် (ကျေအေးရေး စီမံအုပ်ချုပ်ရေးမှူး) Settlement Administrator ကို ဆက်သွယ်ပါ။

<u>အရေးကြီးသည့်အချက်အလက်များ-</u>

**၁။** တရားရုံးမှခွင့်ပြုထားသည့် ကျေအေးမှုအရ၊ အုပ်စုတွင်ပါဝင်သူအား အုပ်စုလိုက်ကျေအေးမှု၏ဝေစုများကို အရစ်ကျ ပေးမည်ဖြစ်သည်။ ထိုအရစ်ကျပေးငွေများကို အောက်ပါရက်စွဲများတွင် စာတိုက်မှပို့ပါမည် (စာတိုက်မှ ပေးပို့ရန် ၂ ပတ်-၃ပတ် အချိန်ပေးပါ)-

**က။** ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်

**ခ။** ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်

**ဂ။** ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၉ ရက်

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ကျေအေးငွေဝေခြမ်းပြီးနောက်တွင် တောင်းခံရယူခဲ့ခြင်းမရှိသည့် ငွေအများအပြားကျန်နေပါက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် နောက်ဆုံးအကြိမ် နောက်ထပ် **ဝေခြမ်းကောင်းဝေခြမ်း**နိုင်ပါသည်။

**၂။** ယခုအချိန်နှင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလအကြားတွင် သင်ပြောင်းရွှေ့ပါက သို့မဟုတ် လိပ်စာပြောင်းပါက ကျေအေးရေး စီမံအုပ်ချုပ်ရေးမှူးအား သင်၏လိပ်စာအသစ်ကို ပို့ပါ။ ကျေအေးမှုအတွက် အရစ်ကျပေးချေငွေများကို သင်ရရှိကြောင်း သေချာရေးအတွက် သင်၏လက်ရှိလိပ်စာကို ကျေအေးရေး စီမံအုပ်ချုပ်ရေးမှူး၏ ဖိုင်တွဲတွင်ရှိနေရန်မှာ သင်၏တာဝန်ဖြစ်ပါသည်။ သင်၏လိပ်စာ ပြောင်းလဲရန် အောက်ပါနေရာကို ဆက်သွယ်ပါ-

**RG2 Claims Administration LLC**

**Attn: Burma Superstar Class Action Settlement**

**P.O. Box 59479**

**Philadelphia, PA 19102-9479**

**တယ်လီဖုန်း- (866) 742-4955**

**ဖက်စ်- (215) 827-5551**

**သို့မဟုတ် အုပ်စု၏ရှေ့နေကို ဤစာမျက်နှာအောက်ဆုံးတွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များတွင် ဆက်သွယ်နိုင်ပါသည်။**

အရေးကြီးသည့် စာရွက်စာတမ်းများ-

တတိယအကြိမ် ပြုပြင်ထားသည့် တိုင်ကြားချက်

ကနဦး ခွင့်ပြုချက် အမိန့်

ပြုပြင်ထားသည့် ကျေအေးမှုသဘောတူညီချက်

နောက်ဆုံးခွင့်ပြုချက် အမိန့်

အုပ်စုလိုက်တရားစွဲဆိုခြင်းအတွက် အဆိုပြုထားသည့် ကျေအေးမှု အသိပေးချက်- အင်္ဂလိပ် | Español (စပိန်) | ဗမာ | 简体中文 (တရုတ်)

အုပ်စု၏ရှေ့နေ

Legal Aid at Work မှ (ဂျော့ဂျ် ဝေါ်နာ) George Warner

Asian Law Caucus မှ (ဝင်နီ ကောင်) Winnie Kao၊ (ပေလင်းဟန် မစ်ချဲလ်) Palyn Hung Mitchell

Centro Legal de la Raza မှ (ဂျက်စီ နယူးမတ်) Jesse Newmark၊ (အာနာ ဟန်ဒါစင်-အာရ်ဟိုးနာ) Ana Henderson-Arjona

အုပ်စု၏ရှေ့နေကို မြန်မာစကားအတွက် 415-848-7776 တွင်ဖုန်းဆက်ပါ၊ စပိန်စကားအတွက် 415-848-7777 နှင့် မန်းဒရင်း၊ ကန်တုန်နိစ် အတွက်နှင့် အင်္ဂလိပ်အတွက် 415-848-7775 ကို ဖုန်းဆက်ပါ။